စားပွဲတင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရက- ၆(က)/မ-၁၃၇၅/၂၀၁၄(　　　)
ရက်စွဲ၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ　　ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။　**New Day Energy Services Co., Ltd. သည် B.O.T စနစ်ဖြင့် စက်သုံးဆီ တင်/ချဆိပ်ခံတံတားနှင့် ဆီသိုလှောင်ကန်များ တည်ဆောက်ကာ စက်သုံးဆီ သိုလှောင်သည့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက် ခွင့်ပြုပါရန် ပို့ဆောင်ရေး ဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

၁။ New Day Energy Services Co., Ltd. သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းမြို့နယ်၊ သီလဝါ ဆိပ်ကမ်းဒေသ၊ မြေကွက်အမှတ်(၁၉)ရှိ မြေ(၃၇.၀၆)ဧကတွင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မြေကို BOT စနစ်ဖြင့် ငှားရမ်း၍ စက်သုံးဆီ တင်/ချ ဆိပ်ခံတံတားနှင့် ဆီသိုလှောင်ကန်များ တည်ဆောက်ကာ စက်သုံးဆီ သိုလှောင်သည့် ဝန်ဆောင်မှု လုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးမြဟန်(အဘ-ဦးဇော်ဝင်း)မှ ပို့ဆောင်ရေးဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက် တင်ပြလာပါသည်။

၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် နှင့် New Day Energy Services Co., Ltd.တို့အကြား ရှေ့နေချုပ်ရုံး သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်ထားသည့် B.O.T စနစ်ဖြင့် မြေငှားရမ်းခြင်း စာချုပ်(မူကြမ်း)နှင့် ပဋိညာဉ်စာချုပ် (မူကြမ်း)တို့ပါ အဓိက အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ဆိပ်ခံတံတားနှင့် နောက်ခံအဆောက်အဦများ တည်ဆောက်သည့် လုပ်ငန်းကာလ (တည်ဆောက်ရေး ကာလ)ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် အပြီးဆောင်ရွက်ရမည်။ (ပဋိညာဉ်စာချုပ်အပိုဒ် ၁၀-က)

(ခ) လုပ်ငန်း ပဋိညာဉ်စာချုပ် သက်တမ်းကာလမှာ နှစ်(၃၀)ဖြစ်ပြီး လုပ်ငန်း သက်တမ်း ကာလကို တည်ဆောက် ရေးကာလ စေ့ရောက်သည့်နေ့ (သို့မဟုတ်) တရားဝင် ဖွင့်လှစ်ခြင်း (Grand Opening) ပြုလုပ်သည့်နေ့၊ ထိုနေ့နှစ်ရပ်အနက် စောရာ ကာလမှ စတင် ရေတွက်ရမည် ဖြစ်ပါသည်။ (ပဋိညာဉ်စာချုပ်အပိုဒ် ၁၄)

(ဂ) မြေ အသုံးချမှု ပရီမီယံကြေးအဖြစ် မြေ တစ်ဧကလျှင် ငွေကျပ် (၁၅၀)သိန်းနှုန်းဖြင့် စုစုပေါင်း ငွေ ကျပ်(၅၅၅,၉၀၀,၀၀၀) ကို လုပ်ငန်း လုပ်ခွင့်ရသူက စာချုပ် လက်မှတ် ရေးထိုးပြီး (၁)လအတွင်း ကျပ် (၂၇၇,၉၅၀,၀၀၀)ကို ပထမအရစ်အဖြစ် လည်းကောင်း၊

စာချုပ် လက်မှတ်ရေးထိုးပြီး (၁၂)လအတွင်း ကျပ် (၂၇၇,၉၅၀,၀၀၀)ကို ဒုတိယအရစ်အဖြစ်လည်းကောင်း ပေးသွင်းရမည်ဖြစ်ပါ သည်။ (မြေငှား စာချုပ်အပိုဒ်၁-က)

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် စက်သုံးဆီ တင်/ချ ကွန်ကရစ် ဆိပ်ခံ တံတားနှင့် အထောက်အကူပြု အဆောက်အအုံများကို တည်ဆောက်ပြီးသည်နှင့် လုပ်ငန်းများလုပ်ကိုင်ခွင့်အတွက် အောက်ဖော်ပြပါ နှုန်းထားများအတိုင်း လစဉ် မြေငှားရမ်းခ အဖြစ် ငွေကျပ် (၂၄,၀၃၂,၄၃၂) ကျပ် ကို လစဉ် အင်္ဂလိပ် လဆန်း (၇)ရက် မတိုင်မီ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်သို့ ပေးသွင်းရမည်။ ပေးဆောင်ရမည့် မြေငှားရမ်းခကို လုပ်ငန်းများ စတင်ဆောင်ရွက်ရန်လျာထားသည့်(၁-၁-၂၀၁၃) ရက်နေ့မှ စတင်ပေးချေရမည်-(မြေငှားစာချုပ်အပိုဒ် ၁-ခ)

	ကျပ်
(၁) စက်သုံးဆီ တင်/ချ ဆိပ်ခံတံတား အတွက် မြေငှားရမ်းခ (၇.၄ ဧက x ၅၄၀၅၄၀.၅၄ ကျပ်)	၄၀၀၀၀၀၀
(၂) ကျောထောက် နောက်ခံမြေ နေရာအတွက် မြေငှားရမ်းခ (၃၇.၀၆ ဧက x ၅၄၀၅၄၀.၅၄ ကျပ်)	၂၀၀၃၂၄၃၂
စုစုပေါင်း	၂၄၀၃၂၄၃၂

(င) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ဘဏ် အာမခံကြေးငွေအဖြစ် စာချုပ်ချုပ်ဆိုပြီး (၄၅) ရက်အတွင်း ခန့်မှန်း ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်၏ (၁)ရာခိုင် နှုန်း နှင့် ညီမျှသော ငွေပမာဏကို တရားဝင် ခွင့်ပြုထားသော အစိုးရဘဏ်တစ်ခုခုတွင် ထားရှိရမည်။ အဆိုပါ ဘဏ်အာမခံသက်တမ်းသည် စတင်ထုတ်ပေးသည့် နေ့မှ(၂)နှစ် အထိ တည်ရှိစေရမည်။ အဆိုပါ ဘဏ်အာမခံကို လုပ်ငန်း လုပ်ကိုင်ခွင့် ပြုသူသို့ ထုတ်ပေးရမည်။ လုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် အပိုဒ်(၉)ပါ သတ်မှတ် တည်ဆောက်ရေး ကာလအတွင်း ဆိပ်ခံတံတားကို အပြီးသတ် ဆောက်လုပ်ရန် အပါအဝင် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဘဏ်အာမခံငွေကို မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ သိမ်းယူရမည် ဖြစ်ပါသည်။ (ပဋိညာဉ်စာချုပ်အပိုဒ် -၁၁)

(စ) ဆိပ်ကမ်း အခွန်အခများကို ၁၉၉၈ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ထုတ်ပြန် ခဲ့သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အခွန်အခနှုန်းထား ဇယားတွင် ပြဋ္ဌာန်းထား သည့် လက်ရှိ နှုန်းထားအတိုင်း ကောက်ခံရန်၊ ဆိပ်ကမ်း အခွန်အခ အားလုံးကို လိုအပ်ချိန်တွင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က ပြင်ဆင်သတ်မှတ်သည့်အတိုင်း လိုက်နာရမည် ဖြစ်ပါသည်။ (ပဋိညာဉ်စာချုပ်အပိုဒ် ၁၂-ဃ)

(ဆ) လုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းမှု အတွက် အောက်ပါအတိုင်း တာဝန်ယူဆောင်ရွက်ရမည်-(ပဋိညာဉ်စာချုပ်အပိုဒ် ၁၃)

(၁) လုပ်ငန်း စီမံကိန်း နယ်မြေနှင့် ဂရင်းနယ်မြေ တစ်ဝိုက်တွင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊

(၂) လေထု၊ ရေထုနှင့် မြေထုများ၊ ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေ ယုတ်လျော့မှု မရှိအောင် ထိန်းသိမ်းရေး၊

(၃) လုပ်ငန်း စီမံကိန်း နေရာအား သဘာဝ ပတ်ဝန်းကျင်နှင့် လိုက်လျော ညီထွေဖြစ်အောင် ထိန်းသိမ်းနိုင်ရန်၊ ရေဆိုးနှင့် စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းသည့် စက်ကိရိယာများ တပ်ဆင်မှု အပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် လိုအပ်သော အစီအမံများကို ချမှတ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ဏ) စာချုပ်သက်တမ်း တိုးမြှင့်လိုပါက စာချုပ် သက်တမ်း မကုန်ဆုံးမီ (၆)လ အတွင်း နှစ်ဖက်ညှိနှိုင်း သဘောတူညီမည့် သက်တမ်း တိုးမြှင့်ပေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှုန်းထားများ နှင့်အညီ သက်တမ်း တိုးမြှင့်ရမည် ဖြစ်ပါသည်။ (ပဋိညာဉ်စာချုပ် အပိုဒ် ၂၀)

(ဈ) စာချုပ်ပါ အခွင့်အရေးများနှင့် လုပ်ငန်း တာဝန်များကို ပဋိညာဉ် စာချုပ်ဝင်များက အခြားသူများသို့ ခွင့်ပြုလွှဲအပ်လိုပါက နှစ်ဦးနှစ်ဖက် သဘောတူညီမှသာ ခွင့်ပြုလွှဲအပ်မှု စာချုပ်စာတမ်း ပြုလုပ်၍ လွှဲအပ်ရမည်ဖြစ်ပါသည်။ (ပဋိညာဉ်စာချုပ် အပိုဒ် ၂၁)

(ည) စာချုပ် သက်တမ်း ကုန်ဆုံးချိန် (သို့မဟုတ်) ရပ်စဲချိန်တွင် တပ်ဆင်ထားသော စက်ကိရိယာများ အပါအဝင် ဆောက်လုပ်ထားသည့် အဆောက်အဦများကို ကောင်းမွန်စွာ ထိန်းသိမ်းထားသော အနေအထားအတိုင်း အဖိုးစားနားမပါဘဲ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ လွှဲပြောင်းပေးရမည် ဖြစ်ပါသည်။ (မြေငှားစာချုပ် အပိုဒ် -၂၁)

၃။ အဆိုပြုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု သက်တမ်းကာလမှာ ကနဦး နှစ်(၃၀) ဖြစ်ပြီး တည်ဆောက်ရေး ကာလမှာ (၂၄)လ ဖြစ်ပါသည်။

၄။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ(၁၂.၀၅)သန်း အပါအဝင် စုစုပေါင်းကျပ်(၁၇၅၂၅.၆၈)သန်းဖြစ်ပါသည်။ စက်ပစ္စည်းများနှင့်ဆိပ်ခံတံတားအတွက် လိုအပ်သော ပစ္စည်းတန်ဖိုးများဖြစ်သည့် အမေရိကန်ဒေါ်လာ(၁၂.၀၅)သန်းဖိုးကို ပြည်ပမှ ဝယ်ယူမည် ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ငွေသား	ကျပ်	၁၀၀.၀၀	သန်း
(ခ) အင်ဂျင်နီယာလုပ်ငန်း	ကျပ်	၅၀.၀၀	သန်း
(ဂ) အဆောက်အအုံ			
- ဆိပ်ခံတံတား	ကျပ်	၈၆၉၀.၃၆	သန်း (US$ ၇.၈၈ သန်း အပါအဝင်)

- ဆီသိုလှောင်ကန်များ ကျပ် ၃၈၀၀.၀၀ သန်း
- အခြားအဆောက်အုံများ ကျပ် ၂၀၀.၀၀ သန်း

(ဃ) စက်ပစ္စည်းကိရိယာတန်ဖိုး ကျပ် ၄၀၅၀.၃၂ သန်း (US$ ၄.၁၇ သန်း)

(င) ပရိဘောဂနှင့် လုပ်ငန်းသုံး ကျပ် ၂၀.၀၀ သန်း
ပစ္စည်းများတန်ဖိုးပမာဏ

(စ) အခြားလုပ်ငန်းများ ကျပ် ၆၀၅.၀၀ သန်း

စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ် ၁၇၅၂၅.၆၈ သန်း (US$ ၁၂.၀၅ သန်း အပါအဝင်)

၅။ လုပ်ငန်း ဆောင်ရွက်ရန် ပြည်တွင်းမှ ဝန်ထမ်း (၁၁၀)ဦး ခန့်ထားမည် ဖြစ်ကြောင်း တင်ပြထားပါသည်။ ပြည်တွင်း ဝန်ထမ်း(၁)ဦး၏ အနိမ့်ဆုံး လစာမှာ ကျပ် (၁၀၀,၀၀၀)ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် (၃၅၀,၀၀၀) ဖြစ်ပါသည်။

၆။ အဆိုပြု လုပ်ငန်းတွင် ဆီသိုလှောင်သည့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ ဝင်ငွေ ရရှိမည် ဖြစ်ပါသည်။ အဆိုပြုလုပ်ငန်း၏ ပုံမှန်နှစ်(၇)နှစ်မြောက်တွင် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အမျိုးအမည်	ဝန်ဆောင်နိုင်မှု (berth/ Month)	ဝန်ဆောင်မှုနှုန်း		တစ်နှစ် ဝန်ဆောင်မှုနှုန်း	
			US$	ကျပ်	US$ (သန်း)	ကျပ် (သန်း)
(က)	Berthing Charges (Sea going)	၄.၀၂(berth)	၂၉၀.၀၀		၀.၀၁	
(ခ)	Berthing Charges (Inland)	၈၀.၄၁(berth) (တစ်လလျှင် (၂)ရက် ဝန်ဆောင်မှု ပေးနိုင်မည်ဖြစ်ပါသည်။)		၁၂၅.၀၀		၀.၀၂
(ဂ)	Steve-doing Charges (Sea going)	၄၀၂၀.၂၈(tons) (တစ်လလျှင်သင်္ဘော(၄)စီးဝန်ဆောင်မှုပေးနိုင်မည် ဖြစ်ပါသည်။	၂.၀၀		၀.၃၉	
(ဃ)	Steve-doing Charges (Inland)	၁၃၄၀၀၉		၃၅.၀၀		၄.၆၉
(င)	Wharfage Charges (Sea going)	၄၀၃၄.၂၅(tons) (တစ်လလျှင်သင်္ဘော(၄)စီးဝန်ဆောင်မှုပေးနိုင်မည် ဖြစ်ပါသည်။		၂၀.၀၀		၃.၈၇
(စ)	Wharfage Charges (Inland)	၁၃၄၀၀၉ (tons)		၂၀.၀၀		၂.၆၈

စဉ်	အမျိုးအမည်	ဝန်ဆောင်နိုင်မှု (berth/ Month)	ဝန်ဆောင်မှုနှုန်း		တစ်နှစ် ဝန်ဆောင်မှုနှုန်း	
			US$	ကျပ်	US$ (သန်း)	ကျပ် (သန်း)
(ဆ)	Dirty Cargo Charges(Sea going)	၂.၆၈ (တစ်လလျှင် ရက်ပေါင်း (၄)ရက် သင်္ဘောဆိုက်ကပ်၍ ဝန်ဆောင်မှု ပေးနိုင်မည် ဖြစ်ပါသည်။	၁၅.၀၀		၀.၀၀၁	
(ဇ)	Dirty Cargo Charges (Inland)	၂.၈၅(shift) (တစ်လလျှင်သင်္ဘော(၄)စီးဝန်ဆောင်မှုပေးနိုင်မည် ဖြစ်ပါသည်။		၈၈.၀၀		၀.၀၁
(ဈ)	Mooring Charges (Sea going)	၂.၆၈(gangs) (တစ်လလျှင်သင်္ဘော(၄)စီးဝန်ဆောင်မှုပေးနိုင်မည် ဖြစ်ပါသည်။	၁၈၀.၀၀		၀.၀၂	
(ည)	Mooring Charges (Inland)	၃.၁၆ (gangs) (တစ်လလျှင်သင်္ဘော(၄)စီးဝန်ဆောင်မှုပေးနိုင်မည် ဖြစ်ပါသည်။		၁၀၆၀.၀၀		၀.၁၆
(ဋ)	Other Charges	၄၀၂၀.၂၉ (tons) (တစ်လလျှင်သင်္ဘော(၄)စီးဝန်ဆောင်မှုပေးနိုင်မည် ဖြစ်ပါသည်။	၀.၅၀		၀.၀၉	
(ဌ)	Storage Charges	၂၆၃ (gal) ၄၃၇၄.၁၄ (tons) (တစ်လလျှင်သင်္ဘော(၄)စီးဝန်ဆောင်မှုပေးနိုင်မည် ဖြစ်ပါသည်။)		၃၀.၀၀		၁၆၅၆.၅၇
(ဍ)	Delivery Charges	၂၆၃(gal) ၄၀၂၀.၂၉ (tons) (တစ်လလျှင်သင်္ဘော(၄)စီးဝန်ဆောင်မှုပေးနိုင်မည် ဖြစ်ပါသည်။)		၅၀.၀၀		၂၅၃၇.၆၁
				စုစုပေါင်း	၀.၅၂	၄၂၀၅.၆၁

၇။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၇ နှစ်မြောက်)တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

အမေရိကန်တစ်ဒေါ်လာ=၉၇၂ ကျပ်

စဉ်	အကြောင်းအရာ	US$ (သန်း)	ညီမျှသော ကျပ်(သန်း)	ကျပ် ငွေဖြင့် (သန်း)	စုစုပေါင်း ကျပ်(သန်း)
(က)	ဝင်ငွေ	၀.၅၂	၅၀၇.၃၈	၄၂၀၆.၀၀	၄၇၁၃.၃၈
(ခ)	အသုံးစရိတ်	-	-	၃၃၂၉.၀၀	၃၃၂၉.၀၀
(ဂ)	အသားတင်အမြတ်	၀.၅၂	၅၀၇.၃၈	၈၇၇.၀၀	၁၃၈၄.၃၈

၈။ နိုင်ငံတော်မှ ပုံမှန်နှစ် (၇ နှစ်မြောက်)တွင် ရရှိမည့် ဝင်ငွေခွန် ကျပ် (၄၆၂.၀၀)သန်း ရရှိမည် ဖြစ်ပါသည်။ လုပ်ငန်း ၏ အရင်းကြေကာလမှာ (၈)နှစ် (၃)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ ၁၃ ရာခိုင်နှုန်း ဖြစ်ပါသည်။

၉။ ယင်းအဆိုပြုလုပ်ငန်း နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန နှင့် သတ္တုတွင်းဝန်ကြီးဌာန တို့သို့ သဘောထားများတောင်းခံခဲ့ရာ အောက်ပါအတိုင်း သဘောထားများ ပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (နောက်ဆက်တွဲ-က)**

(၁) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိ [illegible]ပြ စီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါကြောင်း။

(၂) အဆိုပြုလုပ်ငန်း လည်ပတ်လုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား (၁၁၀)ဦး အလုပ်အကိုင် ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေပါကြောင်း၊

(၃) အဆိုပြုလုပ်ငန်း လုပ်ကိုင်ရန်အတွက် မြေငှားရမ်းခအဖြစ် တစ်လ လျှင် ကျပ်သိန်း(၂၁၀) နှုန်းဖြင့် နှစ်(၅၀)ငှားရမ်းသုံးစွဲခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊

(၄) အဆိုပြုလုပ်ငန်း လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါကြောင်း၊

(၅) ([illegible]-၂၀၁၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး အမှတ်စဉ် ([illegible]/၂၀၁၃)မှ New Day Energy Co., Ltd.၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် [illegible]က်မှုအား ခွင့်ပြုသင့်ပါကြောင်း၊

(ခ) **ပတ်ဝ[illegible]န်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန (နောက်ဆက်တွဲ-ခ)**

(၁) [illegible]များသည် မီးလောင်လွယ်ပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေနိုင် [illegible]တော်တဆ မီးလောင်ကျွမ်းမှု မဖြစ်ပေါ်စေရန်နှင့် ဖြစ်ပေါ်ပါက ကြီးမား [illegible]လောင်စာဆီ သိုလှောင်ကန်များ ပြင်းထန်စွာ ပေါက်ကွဲနိုင်သဖြင့် [illegible]ကျင် ထိခိုက်မှု မဖြစ်ပေါ်စေရန် တည်ဆောက်အသုံးပြုမည့် အစီအမံ [illegible]ဘင်ရေယာဉ်များ၊ ဆီသိုလှောင်ကန်များ မတော်တဆ ဆီယိုဖိတ်မှု [illegible]စ်ကြောင်း နှင့် မြေပြင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်နှင့် စက်သုံးဆီ [illegible]ကန်များမှ ထွက်ပေါ်လာမည့် အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင် [illegible]ညမ်းမှု မရှိစေရန် ဆောင်ရွက်မည့် အစီအစဉ်များ ရေးဆွဲချမှတ်ရန်၊

(၂) ကာ[illegible]ာက်ရေး ကာလအတွင်း ထွက်ရှိမည့် အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းအတိုင်း စနစ်တကျ စွန့်ပစ်ရန်၊

(၃) စွန့်ထု[illegible]ရေသန့်စင်စက်ရုံ(Sewage Treatment Plan)နှင့် ရေထုတ်စနစ်များ ပါရှိရ[illegible] စွန့်ထုတ်ရေများကို နိုင်ငံတကာသတ်မှတ် စံချိန်စံညွှန်းနှင့်အညီ သန့်စင် [illegible]်ရန်၊ ဓါတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ရန်၊

(၄) ဆီ[illegible]ရေယာဉ်များမှ ဆီလှောင်ကန်များသို့ ဆီဖြည့်သွင်းခြင်း၊ ဆီသိုလှောင်ကန် များမှ [illegible]ကြောင်း(သို့)ကုန်းကြောင်းသို့ဆီဖြန့်ဖြူးရောင်းချခြင်းစသည့် လုပ်ငန်း များ [illegible]ောင်ရွက်ရာတွင် Waste Water Recovery System အသုံးပြု [illegible]်သွားရန်၊

(၅) [illegible]ံကိန်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှု မရှိစေရေး နှ[illegible]ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့ [illegible] ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း(Environmental Impact A[illegible]ent-EIA) လုပ်ငန်းကို ကုမ္ပဏီနှင့် ပါဝင်ပတ်သက်ခြင်း မရှိသော [illegible]်ဆိုင်ရာ နယ်ပယ်အသီးသီးအလိုက် ကျွမ်းကျင်ပညာရှင်များ ပါဝင် [illegible]ိယပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းဖြင့် ဆောင်ရွက်ရန်၊

(၆) [illegible]ါ ဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်း [illegible]ုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေးဆောင်ရွက်မည့် [illegible]ား အတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင် [illegible]ံခန့်ခွဲမှုစီမံချက် (Environmental Management Plan-EMP) [illegible]ပြုရန် နှင့် EMP အစီအစဉ်အတိုင်းအကောင်အထည်ဖော် ဆောင်ရွက် [illegible]

(၇) [illegible]မှ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒ၊ [illegible]ျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း တို့နှင့် [illegible]်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ထ[illegible] သဘောထား မှတ်ချက်နှင့်အညီ ကုမ္ပဏီမှ ကနဦး ပတ်ဝန်းကျင် [illegible]န်းစစ်ခြင်း နှင့် စီမံခန့်ခွဲမှု ဆောင်ရွက်မည့်အစီအစဉ် EIA ၊ EMP [illegible]အား National Engineering &Planning Services Co., Ltd. မှ [illegible]rtyအဖြစ် ဆောင်ရွက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော [illegible]ရ[illegible]ကြီးဌာနသို့ စိစစ်သုံးသပ်ပေးနိုင်ပါရန်(၂၉-၁၁-၂၀၁၃) ရက်စွဲပါစာဖြင့် [illegible]း တောင်းခံထားပါသည်။)

(ဂ) စွမ်းအင်ဝန်ကြီးဌာန(နောက်ဆက်တွဲ-ဂ)

(၁) စက်သုံးဆီသိုလှောင်ရန် ဝန်ဆောင်မှု ဈေးနှုန်းများ တင်ပြထားမှုသည် ဆီလျော်မှု ရှိကြောင်း၊

(၂) ပြည်ပမှ တင်သွင်းလာမည့် ကုန်ချော(စက်သုံးဆီ) ပမာဏ ဆီလျော်မှုရှိ-မရှိ နှင့် စီမံကိန်း၌ ဂါလန်(၂)သန်းဆံ့ စက်သုံးဆီသိုလှောင်ကန် ၃ လုံး တည်ဆောက်၍ စက်သုံးဆီများ လက်ခံဆောင်ရွက်မည်ဟု ခန့်မှန်းတွက်ချက် ထားပါသဖြင့် နိုင်ငံလုံး၏ လိုအပ်ချက် အတွင်းဖြစ်သော်လည်း အခြားသော စက်သုံးဆီ သိုလှောင်တင်သွင်းမှု လုပ်ငန်းလုပ်ကိုင်မှုနှင့် ဆက်စပ်သုံးသပ်ရမည် ဖြစ်၍ အလားတူ စက်သုံးဆီ သိုလှောင် ဝန်ဆောင်မှုလုပ်ငန်း မည်မျှခွင့်ပြု ရှိရန်လိုအပ်ပါကြောင်း၊

(ဃ) သတ္တုတွင်းဝန်ကြီးဌာန(နောက်ဆက်တွဲ-ဃ)

(၁) ဓာတ်ဆီသိုလှောင်ခွင့် "L"လိုင်စင်ပါ ကန့်သတ်ချက်များအရ ဂါလန်(၁)သိန်း အထက် သိုလှောင်ကန်များ ဖြစ်သည့်အတွက် သိုလှောင်ကန် တစ်ကန်နှင့် တစ်ကန်ကြားတွင် ဘေးကင်းမှု အကွာအဝေး(၁၀၀)ပေ ခွာ၍ တည်ဆောက် ရမည်။ (၁၀၀)ထက် နီးကပ်စွာ တည်ဆောက်မည်ဆိုပါက သိုလှောင်ကန် နှစ်ခုကြားတွင် မီးတားနံရံ(Fire Screen Wall) အားပို၍ အမြင့်ရှိသည့် သိုလှောင်ကန် ၏ အမြင့်အတိုင်းကာရံ ပေးရန် လိုအပ်ကြောင်း၊

(၂) "L" လိုင်စင်ပါ ကန့်သတ်ချက်များအတိုင်း တည်ဆောက်မည်ဆိုပါက သတ္တုတွင်း ဝန်ကြီးဌာန အနေဖြင့် ကန့်ကွက်ရန်မရှိကြောင်း၊

(ကုမ္ပဏီက အထက်ပါ သဘောထား မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက် မည် ဖြစ်ကြောင်း တင်ပြထားပါသည်။)

၁၀။ ကျပ်ငွေအရင်းအနှီးအထားအဖြစ် New Day Energy Co., Ltd. အမည်ဖြင့် UNITED AMARA BANK LTD. ၌ ငွေလက်ကျန် ကျပ် (၄၉၈၉.၇၇)သန်း၊ YOMA BANK ၌ ငွေလက်ကျန် ကျပ် (၁၅.၉၃)သန်း၊ မြန်မာ့စီးပွားရေးဘဏ်(ပျဉ်းမနား)၌ ငွေလက်ကျန် ကျပ် (၁၃၃၂.၇၇) သန်း နှင့် ကမ္ဘောဇဘဏ်၌ ငွေလက်ကျန် ကျပ် (၆၉.၅၂) သန်း စုစုပေါင်း ကျပ် (၆၄၀၇.၂၃)သန်း တင်ပြ ထားရာ သုံးစွဲမည့် ကျပ်(၁၀၆.၀၀)သန်း ထက် ကျော်လွန်ပါ၍ လုံလောက်မှု ရှိကြောင်း တင်ပြ ထားပါသည်။ နိုင်ငံခြားငွေ ဘဏ်စာရင်းထားရှိမှု ထာက်အထား အဖြစ် ကုမ္ပဏီ အမည်ဖြင့် (၂၂-၁၀-၂၀၁၃)ရက်စွဲဖြင့် MICB ဘဏ်၌ စာရင်းငွေလက်ကျန် US$(၀.၂၁)သန်း နှင့် (၈-၁၁-၂၀၁၃) ရက်စွဲဖြင့် MFTB

ဘဏ်၌ စာရင်းရှိ ငွေ [illegible] US$(၂.၆၆)သန်း စုစုပေါင်း (၂.၈၇) သန်း တင်ပြထားရာ သုံးစွဲမည့် နိုင်ငံခြားငွေ US$ (၁၂.[illegible] [illegible]း၏ ၂၃.၈၂% ရှိပါကြောင်း တင်ပြအပ်ပါသည်။

၁၁။ အဆိုပြုလုပ်င[illegible] မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ [illegible] အသစ်ဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းမည့် [illegible]မ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိ ပြုထားပါသည်။

၁၂။ လုပ်ငန်းခွင် [illegible]းနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေး အစီအစဉ်၊ မီးဘေး ကြိုတင်ကာကွယ်ရေး အစီအ[illegible]င်ပြထားပါသည်။

၁၃။ လုပ်ငန်းဆော[illegible]တွင် လျှပ်စစ်ဓါတ်အားကို နိုင်ငံတော်မှ ဖြန့်ဖြူးပေးသည့် လျှပ်စစ်ဓါတ်အားလိုင်းမှ ရယ[illegible]ပြင် လိုအပ်လျှင် ကိုယ်ပိုင် Generator ကို တပ်ဆင် အသုံးပြုမည် ဖြစ်ပါသည်။

၁၄။ မြန်မာနိုင်ငံ[illegible]ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၁၁)၊ ဥပဒေပုဒ်မ ၂၀ ပါ (က၊ဂ၊စ၊ဆ၊ဇ၊ ည) အရ အခွန်အက[illegible]းလွတ်ခွင့် (သို့မဟုတ်)သက်သာခွင့်များကို တင်ပြ လျှောက်ထားလျှင် ခွင့်ပြုနိုင်မည်ဖြစ်ပါ[illegible]

၁၅။ **စိစစ်တင်ပြချ**[illegible]ပြုလုပ်ငန်းအတွက် ပြည်ပမှ ဝယ်ယူမည့် ဆောက်လုပ်ရေး သုံးပစ္စည်း၊ ယာဉ် ၊ ယန္တရားများ[illegible] ကနဦး ခွင့်ပြုမိန့်ပေးခဲ့သည့် ကုမ္ပဏီ(၃)ခု၏စာရင်းနှင့် နှိုင်းယှဉ်၍ **ပူးတွဲပါ** ဇယားဖြင့် တ[illegible]သည်။

၁၆။ သို့ဖြစ်ပါ၍ [illegible]ay Energy Services Co., Ltd. သည် ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ [illegible]ဆိပ်ကမ်းဒေသ၊ မြေကွက်အမှတ်(၁၉)ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် မြေ(၃၇.၀၆)ဧကကို [illegible]ဖြင့် ငှားရမ်း၍ စက်သုံးဆီတင်/ချ ဆိပ်ခံတံတားနှင့် ဆီသိုလှောင်ကန်များ တည်ဆောက်က[illegible]ဆီ သိုလှောင်သည့် ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ[illegible] ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် လမ်းညွှန်မှုခံယူအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူ-

ရုံးလက်ခံ

New Day Mic Memo INV-2